IMPERIAL QUEENS

webnovel translations

ဘာသာပြန် -Mori Sue



(တစဦ – ၁)

# မျက်မမြင်ကိုယ်လုပ်တော်လေး

Tittle- Blind Concubine

ဘာသာပြန် - Mori Sue

Description

" မျက်မမြင်ကိုယ်လုပ်တော်လေး "

တစ်ချိန်တုန်းက ခမ်းနားထည်ဝါသောနန်းတော်ကြီး၏ အအေးနန်းဆောင်အတွင်း၌ မျက်မမြင်ကိုယ်လုပ်တော်လေးတစ်ပါးရှိလေသည် ။

ထိုကိုယ်လုပ်တော်လေး၌ နှင်းကဲ့သို့ဖြူဖွေးသောကြောင် လေးတစ်ကောင်သာရှိ၍ တစ်နေ့ပြီးတစ်နေ့ တစ်နှစ်ပြီးတစ်နှစ် တိတ်တဆိတ်သာ နေထိုင်ဖြတ်သန်းခဲ့သည် ။

နန်းတော်၏အရှင်သခင် ဘုရင်မင်းမြတ်မှာလည်း သူ့အားမေ့ပျောက်နေခဲ့သည်မှာ ကြာမြင့်လေပြီ...

သို့သော် တစ်ရက်၌ထူးဆန်းစွာဖြင့် ကြီးမားသောရွှေရောင်ပေါင်လုံးကြီးမှာ သူ့အတွက် အထူးအခွင့်အရေးများစွာပေးသနား လာလေတော့သည် ။

Chapter 1

Sue Xing NwayApril 25, 2023

Chapter 1

Mori Sue:

TBC ( 1)

ဆောင်းအကုန်နွေဦးကာလမှာ လူများစွာနှစ်သက်သဘောကျသော ရာသီ

တစ်ခုပင် ။ မပူပြင်းသောနေရောင်နွေးနွေးနှင့်အတူ အသစ်ပြန်လည်ထွက်ပြူစပြုနေသော သစ်ပင်ပန်းမန်တို့မှာလည်း အလွန်လှပပြီး နေထိုင်ရအလွန်သက်တောင့်သက်သာရှိလှသည် ။

ကြောင်ဖြူလေးတစ်ကောင်မှာ နေပူဆာလှူ ံရင်း ပျင်းရိစွာမှေးစက်နေလေသည် ။ သူ၏အဖြူရောင်ဝမ်းဗိုက်အားလှစ်ဟပြသထားပြီး ပန်းနုရောင်ကြောင်လက်ဖဝါးလေးမှာ ကောင်းကင်ပေါ်သို့ဦးတည်ထား၍ ပက်လက်လှန်ကာအိပ်ပျော်နေလေသည် ။

မျက်မမြင်ကိုယ်လုပ်တော်လေး၏ကြောင်မှာအအိပ်အလွန်မက်သည့်ငပျင်းလေးပါပင် ။

အချိန်ခဏမျှကြာသောအခါ ထိုငပျင်းလေးက အပျင်းကြောဆန့်ကာ သမ်းဝေလေ၏ ။ ငပျင်းလေး၏သမ်းဝေသံကြောင့် မျက်မမြင်ကိုယ်လုပ်တော်လေးမှာ ခပ်ဖွဖွပြုံးလိုက်ကာ လက်ရန်းအားအမှီပြုပြီး ခြံဝန်းလေးထဲသို့ စမ်းတဝါးဝါးဖြင့်ဆင်းလာလေသည် ။

ထို့နောက် သူ၏ကုလားထိုင်လေးအားရှာဖွေကာ လှဲချလိုက်ပြီးနေရောင်ခြည်၏နွေးထွေးသောအထိအတွေ့အားဇိမ်ယူခံစားနေသည် ။

မည်သူကမျှ မျက်မမြင်ကိုယ်လုပ်တော်လေး နန်းတော်အတွင်းသို့ဝင်သည့်အချိန်အားမသိသကဲ့သို့ အဘယ့်ကြောင့် အအေးနန်းဆောင်အတွင်းပစ်ပယ်ထားခြင်းခံနေရသည်ကိုလည်းမသိကြပါချေ ။

သူ၏ မျက်လုံးအဘယ့်ကြောင့်ကွယ်နေသည်ကိုပင် မည်သူမျှမသိပေ ။

နန်းတော်ကြီးအတွင်းအမျိုးမျိုးသောမှန်းဆချက်များထွက်ပေါ်နေပြီးအချို့မှာအဖျားကြီး၍အသက်ဆုံးရှူ ံးလုနီးပါးဖြစ်ခဲ့ရသောကြောင့် အမြင်အာရုံဆုံးရှူ ံးခဲ့ခြင်းဖြစ်သည်ဟုပြောဆိုကြကာ အချို့မှာတော့ မျက်မမြင်

ကိုယ်လုပ်တော်လေး နန်းတော်တွင်းဝင်စအချိန်၌ သူ၏မျက်လုံးများမှာ အလွန်တရာလှပပါသော်လည်း အကြောင်းအရင်းတစ်ချို့ကြောင့်ပျက်ဆီးသွားရသည်ဟုဆိုကြလေ၏ ။

နန်းတော်တွင်းမှ ကိုယ်လုပ်တော်များနှင့်အစေခံအများစုမှာ မျက်မမြင်ကိုယ်လုပ်တော်လေး၏မျက်လုံးအားမြင်ဖူးချင်ကြပါသော်လည်း မည်သူမျှအရဲစွန့်ကာမကြည့်ရှုရဲကြချေ ။

အချိန်များတရွေ့ရွေ့ကုန်ဆုံးလာသည်နှင့်အမျှ လူအများစုမှာ မျက်မမြင်ကိုယ်လုပ်တော်လေး၏အမည်နာမကိုပင် မမှတ်မိကြတော့ကာ အမြင်အာရုံဆုံးရှုံးနေသောကြောင့် မျက်မမြင်ကိုယ်လုပ်တော်လေးဟုသာခေါ်ဝေါ်ကြလေသည် ။ ဧကရီပင်လျှင် မျက်မမြင်ကိုယ်လုပ်တော်ဟုသာခေါ်ဝေါ်ခဲ့၍မည်သူမျှသူ၏အမည်အရင်းအားအလေးမထားကြတော့ပေ ။

သို့သော်လည်း အအေးနန်းဆောင်အတွင်း၌ ကြောင်ဖြူလေးတစ်ကောင်နှင့်အတူနေထိုင်သော မျက်မမြင်ကိုယ်လုပ်တော်တစ်ယောက်ရှိကြောင်းသာသိကြလေသည် ။

ထိုကြောင်ဖြူလေး၏အမည်မှာ ယုလီဖြစ်၍ ယုလီမှာမျက်မမြင်ကိုယ်လုပ်တော်လေး၏တန်ဖိုးထားရဆုံးရတနာလေးပါပင် ။ ယုလီ၏တစ်ကိုယ်လုံးမှာအဖြူဆွတ်ဆွတ်ဖြစ်ပြီး အခြားသောအမွေးအရောင်တစ်မျှင်မှမပါရှိပါချေ ။

သူ၏အမွေးဖွားဖွားလေးမှာ အလွန်နူးညံ့ပျော့ပြောင်းလှပြီး တန်ဖိုးအကြီးဆုံးသားမွေးထက်ပင်ထိကိုင်ရနူးညံ့လှသည် ။ သူ၏မျက်လုံးရွဲကြီးများမှာအလွန်တရာလှပသောကြောင့် ကြည့်မိသူတိုင်း၏စိတ်ဝိညာဥ်အားဆွဲဆောင်နေသကဲ့သို့ပါပင် ။

မျက်မမြင်ကိုယ်လုပ်တော်လေးက ယုလီအား သူ့ကိုယ်သူထက်ပင်

အမြတ်တနိုးတန်ဖိုးထားကာ လက်မောင်းအတွင်းပွေ့ဖက်ထားပြီးအိပ်စက်လေ့ရှိသည် ။ သို့သော်လည်း ယုလီမှာ မျက်မမြင်ကိုယ်လုပ်တော်လေးကို စနောက်ရသည်အားအလွန်နှစ်သက်သည့်ကြောင်ဆိုးလေးတစ်ကောင်ဖြစ်ပေသည် ။

မကြာခဏဆိုသလို အအေးနန်းဆောင်မှထွက်ပြေးသွားလေ့ရှိပြီး ပုန်းအောင်နေတတ်သည်မှာအမွေးတစ်မွေးပင်မမြင်ရလောက်သည့်အထိပါပင် ။

အကယ်၍ ယုလီသာ မိုးချုပ်သည့်အချိန်အထိပြန်မလာခဲ့သေးလျှင် မျက်မမြင်ကိုယ်လုပ်တော်လေးက ရှောင်ပေါင်အားခေါ်၍နေရာအနှံ့လိုက်ရှာပေလိမ့်မည် ။

နန်းတော်ကြီးမှာအလွန်တရာကြီးမားလှသောကြောင့် ကြောင်တစ်ကောင်မဆိုထားနှင့် လူတစ်ယောက်ရှာရန်ပင်ခက်ခဲလှသည် ။ ကြောင်ပျောက်ရှာသည့်အချိန်တိုင်းတွင် ရှောင်ပေါင်ကမျက်နှာမသာမယာနှင့် စကားတစ်ခွန်းတည်းကိုသာ အချိန်တိုင်းပြောလေ့ရှိသည် ။

" အရှင်... ကျွန်တော်တို့က ကိုယ့်အသက်ကိုတောင်မနည်းမွေးမြူနေရတာ ကြောင်တစ်ကောင်ကိုဂရုစိုက်မနေပါနဲ့တော့လား "

ထိုအချိန်တွင် မျက်မမြင်ကိုယ်လုပ်တော်လေးက ခပ်ဖွဖွပြုံးကာ ပြန်ပြောပေလိမ့်မည် ။

" ငါ့အနားမှာ ယုလီရှိတာကောင်းပါတယ်... ဒီလောက်အေးစက်ပြီး လူသူမရှိတဲ့အအေးနန်းဆောင်ကြီးထဲမှာ ငါတစ်ယောက်တည်းအထီးမကျန်ချင်ဘူး "

မျက်မမြင်ကိုယ်လုပ်တော်လေး၏ ယုလီအပေါ်ချစ်ခင်မှုမှာအတိုင်းအဆမ

ရှိပါပေ ။ မိမိကိုယ်တိုင်ရှာဖွေစားသောက်ခြင်းမပြုနိုင်ပါသော်ငြား အငတ်ခံ၍ ယုလီကိုသာကျွေးမွေးသည်အထိပင် ။

အအေးနန်းဆောင်အတွင်းနေထိုင်သော မျက်မမြင်ကိုယ်လုပ်တော်လေးမှာ နာမည်ကြီးပါသော်လည်း သူ့အားတွေ့ဖူးသူများများစားစားမရှိပါချေ။

မျက်မမြင်ကိုယ်လုပ်တော်လေး၏ တစ်ဦးတည်းသောအစေခံဖြစ်သည့် ရှောင်ပေါင်လေးမှာ အသက်အရွယ်ငယ်ရွယ်သော်လည်း အထင်သေး၍မရပေ ။ အလွန်လိမ္မာပါးနပ်သည့်အပြင် မျက်မမြင်ကိုယ်လုပ်တော်လေးနှင့်ယုလီ၏ စားဝတ်နေရေးအားအလုံးစုံ တာဝန်ယူထားသည် ။

ရာသီဥတုအေးလာသည့်အခါ၌ နန်းတော်စီမံရေးရာဌာနသို့သွား၍ အခြားအဆောင်တော်များမှမလိုချင်သည့်အသုံးဝင်သည့်ပစ္စည်းများအားလုံးကို အပိုင်သိမ်းလာလိမ့်မည် ။ မီးဖိုများအပါအဝင်အခြားသောအအေးဒဏ်ကို သက်သာစေနိုင်မည့်မည်သည့်ပစ္စည်းမဆို ရှောင်ပေါင်လေးမှာ နားကွဲလုမတတ်တကျီကျီလုပ်ကာတောင်းဆိုတတ်သည် ။

ရှောင်ပေါင်လေး၏ကျေးဇူးကြောင့်ပင် မျက်မမြင်ကိုယ်လုပ်တော်မှာ ဆောင်းတွင်းအားဖြတ်ကျော်နိုင်ရခြင်းဖြစ်လေသည် ။ မမျက်မမြင်ကိုယ်လုပ်တော်လေးသည် အအေးဒဏ်အားလွန်စွာမှကြောက်လှသည် ။ ယုလီမှာလည်းအအေးကြောက်သည့်ကြောင်ပျင်းလေးပါပင် ။

ချမ်းအေးသည့်ဆောင်းညများ၌ မျက်မမြင်ကိုယ်တော်လေးမှာယုလီအားပွေ့ဖက်အိပ်စက်လေ့ရှိသည် ။

ရှောင်ပေါင်လေးမှာ ထိုနှစ်ယောက်အားကြည့်ရင်းသက်ပြင်းချမိသည်မှာ အကြိမ်ကြိမ်ပါပင် ။ အအေးဒဏ်ကြောင့်တစ်ကိုယ်လုံးအေးခဲ၍ နှင်းကိုက်နာများနှင့်လက်ချောင်းတို့တွင်သွေးခဲသည့်တိုင် ရှောင်ပေါင်လေးမှာ မျက်မမြင်ကိုယ်လုပ်တော်လေး နွေးနွေးထွေးထွေးအိပ်စက်နိုင်ရန်အတွက်

သာ ဦးစားပေးဆက်ဆံလေ့ရှိသည် ။

ယုလီအား မွေးလို့သည့်အခြားသောကိုယ်လုပ်တော်များက ငါးခြောက်များနှင့်နွေးထွေးအိစက်သောအိပ်ရာအားပြင်ဆင်ပေးထားသည့်တိုင် ယုလီမှာ ထိုငါးခြောက်များအားအနံ့ပင်မခံသလို အိပ်ရာနွေးနွေးအားလည်းစိတ်မဝင်စားပါချေ ။ မျက်မမြင်ကိုယ်လုပ်တော်လေးအား စနောက်၍ဝသည့်အချိန်တွင် အအေးနန်းဆောင်သို့ပြန်ကာ သူ့အားပွတ်သပ်ပေးရန်တောင်းဆိုစမြဲပါပင် ။

အအေးနန်းဆောင်မှ အစားအသောက်များမှာမည်မျှပင်ဆိုးဝါးသည်ဖြစ်စေ ၊ မည်မျှပင်အေးစက်သည်ဖြစ်ပါစေ ယုလီမှာ မျက်မမြင်ကိုယ်လုပ်တော်လေးကိုသာသခင်အဖြစ်သတ်မှတ်ထားလေသည် ။ ထို့ကြောင့် နန်းတော်အတွင်းမှလူများမှာ ယုလီအားသာမန်ကြောင်တစ်ကောင်မဟုတ်ဟုပင်ပြောဆိုနေကြလေ၏ ။

မိမိဗိုက်ဝရေးတစ်ခုတည်းသာသိသောတိရစ္ဆာန်မဆိုနှင့် အသိဥာဏ်ရှိသောလူသားများပင် အအေးနန်းဆောင်၌ နေလိုခြင်းမရှိပါပေ ။

ဤအချက်ကြောင့်ပင် အစားကြီးသောယုလီအား ရှောင်ပေါ်မည္ညည်းမညူကျွေးမွေးနေခြင်းဖြစ်သည် ။

မျက်မမြင်ကိုယ်လုပ်တော်လေးမှာ အဆောင်ရှေ့မီတာအနည်းငယ်မှလွဲ၍သွားလာရန်အဆင်မပြေသောကြောင့် အပြင်ထွက်ရန်မဖြစ်နိုင်ပါပေ ။ ထို့ကြောင့် ရှောင်ပေါ်ပြန်လာသည့်အခါ၌သယ်လာသောသတင်းပေါင်းစုံအား စိတ်ဝင်တစားထိုင်နားထောင်လေ့ရှိသည် ။

ရှောင်ပေါ် ပြောသောမည်သည့်အကြောင်းအရာမဆို မျက်မမြင်ကိုယ်လုပ်တော်လေးကပြုံးပြုံးလေးနှင့်သာထိုင်နားထောင်တတ်သည်အား ရှောင်ပေါ်အနှစ်သက်ဆုံးပါပင် ။

မျက်မမြင်ကိုယ်လုပ်တော်လေး ပျော်ရွှင်နေသောအခါ ရှောင်ပေါင်လေးလည်းပျော်ရွှင်ရသည် ။ သူ၏မိသားစုဝင်ဟုသတ်မှတ်ထားသူမှာ မျက်မမြင်ကိုယ်လုပ်တော်လေး တစ်ဦးသာရှိသောကြောင့် အတတ်နိုင်ဆုံးစိတ်ချမ်းသာအောင်ထားသည် ။

မျက်မမြင်ကိုယ်လုပ်တော်လေးက ယုလီအားအလွန်နှစ်သက်သောကြောင့် ယုလီပုန်းနေသည့်အချိန်တိုင်း ရှောင်ပေါင်မှာ ကူကယ်ရာမရဖြစ်ရသည် ။ မျက်မမြင်ကိုယ်လုပ်တော်လေးဘေးမှ ယုလီအချိန်အတော်တန်အကြာပျော်သွားသည်နှင့် ရှောင်ပေါင့်ကိုဆူပူကာ တော်ဝင်စားဖိုဆောင်နှင့်တော်ဥယာဥ်တို့မှာပါမချန်နေရာအနှံ့ရှာဖွေခိုင်းလိမ့်မည် ။

အကယ်၍ ရှောင်ပေါင်သာမသွားပါကာ မျက်မမြင်ကိုယ်လုပ်တော်လေးကိုယ်တိုင် သွားရှာမည်တကဲကဲလုပ်တတ်သည် ။ ခြံဝန်းအတွင်းမှာတောင်စမ်းတဝါးဝါးသွားလာနေရသော သူကနန်းတော်အကျယ်ကြီးအတွင်းရှာဖွေရင်းထိခိုက်သွားမည်အား ရှောင်ပေါင်အကြောက်ဆုံးပါပင် ။

အလွန်ချမ်းအေးကာ မုန်းတီးဖွယ်ကောင်းသည့် ဆောင်းရာသီကုန်ဆုံး၍နွေးထွေးသောနွေဦးကာလသို့ကူးပြောင်းလာချိန်အား မျက်မမြင်ကိုယ်လုပ်တော်လေး အနှစ်သက်ဆုံးဖြစ်သည် ။

သာယာသောရာသီဥတုဖြစ်၍ နွေးထွေးသောနေရောင်ခြည်နှင့်လေပြေလေနုလေးများတိုက်ခတ်နေပုံမှာ မျက်မမြင်ကိုယ်လုပ်တော်လေးအား ငိုက်မြည်းလာစေသည် ။ ဤကဲ့သို့သော တိတ်ဆိတ်အေးချမ်းသည့်နေ့ရက်များမှာ မျက်မမြင်ကိုယ်လုပ်တော်လေး၏ အပျော်ရွှင်ရဆုံးသောနေ့ရက်များပါပင် ။

သူ၏နောက်မှီကုလားထိုင်လေးပေါ်၌ စိတ်အေးလက်အေးအနားယူနေစဥ်တွင် ယုလီမှာခြေထောက်နား၌တိုးဝှေ့ပွတ်သပ်ကာတစ်စုံတစ်ရာအား

သတိပေးချင်နေပုံပင် ။

ခြံဝန်းသေးသေးလေး၏ အဝင်အဝတွင်လူတစ်ယောက်ရပ်နေကာ မျက်မမြင်ကိုယ်လုပ်တော်လေးအိပ်စက်နေသည်အားအချိန်အတော်ကြာသည်အထိပြုံးရင်းကြည့်ရှုနေလေသည် ။ နွေးထွေးသောနေရောင်ခြည်အောက်၌ စိတ်အေးလက်အေးအိပ်စက်နေသောအလှလေးတစ်ယောက်၏မြင်ကွင်းကြောင့် ထိုလူ့ထံသို့ပင်နွေးထွေးမှုနှင့်စိတ်သက်သာရာရမှုတို့ကူးစက်လာရသလိုပင်ဖြစ်လေသည် ။

ထိုလူသည် ရွှေရောင်နဂါးဝတ်ရုံကိုဆင်မြန်းထားပြီး ကျောက်စိမ်းခါးကိုပတ်ဆင်ထားသူဖြစ်ကြောင်း မျက်မမြင်ကိုယ်လုပ်တော်လေးမသိပါချေ ။ ထို့အပြင် ထိုလူ၏အနောက်၌ခေါင်းငုံ့ရင်း စီတန်းရပ်နေသော အခြွေအရံတစ်သိုက်ပါရှိကြောင်းကိုလည်း သူမသိပါလေ ။

ရှောင်ပေါင်တစ်ယောက်သာ ချက်ချင်းဒူးထောက်ချ၍ဂါရဝပြုနှုတ်ဆက်မည်အလုပ်တွင် ထိုလူကလက်ပြကာတားလိုက်သည် ။ မျက်မမြင်ကိုယ်လုပ်တော်လေးမှာ ပတ်ဝန်းကျင်ရှိထူးဆန်းမှုကိုသတိမပြုမိဘဲ အေးအေးလူလူအိပ်စက်နေသောကြောင့် ရှောင်ပေါင်မှာ ထအော်ငိုချင်လာပြီဖြစ်သည် ။

ဒီနေ့မှာမှ ဘာလို့ဒီကိုလာရတာလဲ?

အဲ့ဒီပုဂ္ဂိုလ်က ဒီကိုလာစရာဘာအကြောင်းရှိလို့လဲ?

အအေးနန်းဆောင်ကိုဘာလို့လာရတာလဲ?

ဘယ်အချိန်ကတည်းကရောက်နေတာလဲ?

အရှင့်ကို အဲ့လိုရပ်ကြည့်နေတာ ဘယ်လောက်တောင်ကြာပြီလဲ?

ဘာလို့ ဘာမှမပြောရတာလဲ?

အချိန်အတော်ကြာသောအခါမှ ယုလီ၏ပွတ်သပ်မှုအားမခံစားရ၍ နိုးထလာခဲ့သည် ။ မျက်မမြင်ကိုယ်လုပ်တော်လေးမှာ ယုလီ၏အမည်အားခေါ်ဆိုလိုက်ပါသော်လည်း သူ၏ထူးသံအားမကြားရပေ ။

" ယုလီ... "

အကြိမ်ကြိမ်အခါခါခေါ်ဆိုသည့်တိုင် ပြန်ဖြေသံမကြားရ၍ မျက်မမြင်ကိုယ်လုပ်တော်လေး၏အသံမှာ ဝမ်းနည်းလာပြီးငိုသံစွက်လာကာ မျက်ရည်ဝဲလာခဲ့သည် ။

ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ? ခုနကလေးတင် ဒီနားမှာရှိနေပါသေးတယ်!

" ယုလီ "

ဘာလို့ ယုလီကရုတ်တရက်ကြီးထွက်ပြေးသွားရတာလဲ!

သူက ထိုင်ခုံပေါ်မှထရပ်လိုက်ကာ စမ်းတဝါးဝါးလမ်းလျှောက်ရင်းဖြင့် ငိုနေရင်းယုလီ၏ အမည်အားညင်သာစွာခေါ်နေလေသည် ။

" ယုလီ...ယုလီ "

ယုလီ၏ အမည်အားအကြိမ်ကြိမ်ခေါ်ဆိုမည်ဆိုပါက ယူ၏အနားသို့ပြန်လာလိမ့်မည်ဟု ထင်နေရှာသည် ။

မျက်မမြင်ကိုယ်လုပ်တော် လေး၏ဦးတည်ရာမှာ အရှင်မင်းကြီးဘက်သို့ရောက်ရှိလာပြီဖြစ်သောကြောင့် ရှောင်ပေါင်မှာ ကြက်သီးထနေကာ မကောင်းသောအရာများမဖြစ်သွားရန်သာဆုတောင်းနေရသည် ။

ထိုလူမှာ နန်းတော်အတွင်းအပြစ်မပြုမိရန် သတိထားရမည့်အမည်စာရင်းထဲမှ နံပါတ်တစ်လူသားဖြစ်သည် ။ အကယ်၍သာ မျက်မမြင်ကိုယ်လုပ်တော် လေးအပြစ်ပေးခံရမည်ဆိုလျှင် သူ၏ဒူးနှစ်ဖက်ကျိုးသွားသည့်တိုင်အောင် ဦးတိုက်တောင်းပန်ကာ ပြစ်ဒဏ်လျှော့ပေါ့ခိုင်းမည်

ဖြစ်သည် ။

ယုလီကိုရှာဖွေရန်သာ စိတ်လောနေသည့်အတွက် ခြေလှမ်းများမတည်မငြိမ်ဖြစ်ကာ ခလုတ်တိုက်မိပြီး ကျောက်ခဲအပြည့်နှင့်မြေပြင်ပေါ်သို့လဲကျလာလေသည် ။ ရှောင်ပေါင်အလန့်တကြားထအော်မိတော့မည့်အချိန်တွင်ပင် အရိပ်တစ်ခုမှာလျှင်မြန်စွာဖြင့် မျက်မမြင်ကိုယ်လုပ်တော်လေးအားအသာအယာဖမ်းထားလိုက်သည် ။

အစေခံတစ်သိုက်ကြောင်အနေသည့်အချိန်တွင် မျက်မမြင်ကိုယ်လုပ်တော်လေးက ထိုလူ၏ရင်ခွင်ထဲ၌ပွေ့ဖက်ခံထားရသည့်အနေအထားနှင့် ထိန်းကိုင်ခြင်းခံထားရသည် ။ ခြေကျင်းဝတ်လည်သွား၍နာကျင်မှုကြောင့်သတိလက်လွတ်ညည်းညူမိလေသည် ။

အချိန်ခဏကြာသောအခါမှ ထူးဆန်းမှုအားသတိမိပြုမိသွားရသည် ။

ဒီလူကရှောင်ပေါင်မဟုတ်ဘူး !

ရှောင်ပေါင်ရဲ့ခန္ဓာကိုယ်ကသေးသေးလေး ဘယ်လိုမှင့ါကို ထိန်းကိုင်ထားနိုင်မှမဟုတ်ဘူး!

ဘယ်သူများလဲ!

အခြားသောယောကျ်ားတစ်ယောက်၏ ပွေ့ဖက်မှုအတွင်းရောက်ရှိနေကြောင်းသတိပြုမိသွား၍ ထိုလူအားအမြန်တွန်းထုတ်လိုက်လေသည် ။

" တောင်း...တောင်းပန်ပါတယ် "

" ရပါတယ်...နောက်တစ်ခါဆို မင်းပိုသတိထားသင့်တယ် "

ထိုလူ၏အသံမှာညင်သာနေသည့်အပြင် ဒေါသထွက်နေသည့်အရိပ်အယောင်မရှိသောကြောင့် စိတ်သက်သာရရသွားရသည် ။

" ခင်ဗျားကဘယ်သူလဲ "

" ငါလား "

ထိုလူက သင့်လျှော်သောအဖြေတစ်ခုအား စဥ်းစားနေဟန်ရကာ အချိန်အတော်ကြာသောအခါမှပြန်ဖြေလေ၏ ။

" နန်းတော်အစောင့်တပ်ဖွဲ့ထဲက သက်တော်စောင့်တစ်ယောက်ပါ "

" သက်တော်စောင့်လား...ဘာလို့ဒီနန်းဆောင်ထဲကိုရောက်လာရတာလဲ "

" တာဝန်ထမ်းဆောင်နေရင်းနဲ့ လမ်းပျောက်သွားလို့ပါ "

" အော်...အဲ့ဒီလိုလား "

ထိုလူက မေးလိုက်သည် ။

" မင်းရဲ့ခြေထောက်ကနာနေတုန်းလား "

" အင်း...နည်းနည်း "

" ငါကြည့်လို့ရမလား "

" ကောင်းပြီလေ "

ထိုလူနှင့် မျက်မမြင်ကိုယ်လုပ်တော်လေးတို့၏ ပထမဆုံးသောတွေ့ဆုံမှုပါပင် ။

အချိန်အတော်ကြာသောအခါမှ မျက်မမြင်ကိုယ်လုပ်တော်လေးက ဤကဲ့သို့သောမှတ်ဥာဏ်မျိုးနှင့်ရင်းနှီးနေ၍ပြောလိုက်သည် ။

" ခင်ဗျားဘာလို့ သက်တော်စောင့်ပါလို့ညာပြောရတာလဲ "

ထိုလူက ခြေထောက်ကိုကိုင်ထားရင်းပြောလိုက်သည် ။

" ဘာလို့ဆို...မင်းကလှည့်စားဖို့အရမ်းလွယ်ကူတယ်လေ "

မျက်မမြင်ကိုယ်တော်လေးက ဒေါသတကြီးပြောလေ၏ ။

" ငါမဟုတ်ပါဘူး "

ထိုလူက သူ၏မျက်ခုံးကိုပင့်ကာ တစ်စုံတစ်ခုအားပြောချင်ပုံရသော်လည်း မူလပြောမည့်စကားများအားပြန်လည်မြိုချထားလိုက်ရသည် ။

" အင်း...မင်းကိုလှည့်စားလို့မရနိုင်ပါဘူးကွာ "

သူတို့၏ပထမဆုံးတွေ့ချိန်ကလိုပင် ထိုလူကချစ်သူအပေါ်သာအပြည့်အဝအာရုံစိုက်ထားလေသည် ။ အချိန်များမည်မျှပင်ကုန်ဆုံးခဲ့သည်ဖြစ်စေ မျက်မမြင်ကိုယ်လုပ်တော်လေးအား စနောက်နေဆဲပင် ။

အဘယ့်ကြောင့်ဆိုသော် သူဘယ်တော့မှမြင်တွေ့နိုင်မည်မဟုတ်မှန်း ထိုလူသိလေသည် ။

***